# ပထမအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး

## နဝမနေ့ အစီအစဉ်

## [ ၂၉-၁-၂၀၁၄ ] (ဗုဒ္ဓဟူးနေ့)

၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း။

၂။ ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း။

၃။ ပထမအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး နဝမနေ့ အစီအစဉ် ကြေညာခြင်း။

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ က ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း။

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များ က မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း-

(က) ဦးစိုင်းသီဟကျော်၊ မိုင်းရယ် မဲဆန္ဒနယ်၏ **လွှတ်တော်တွင် ကတိပြု ထားပြီးဖြစ်သည့် မယ်ဟန်-မိုင်းရယ်- ကျေးသီးလမ်းအပိုင်း၊ နမ္မဘောလီတံတား၊ နားလီဘောလီတံတားတို့အား သံကူကွန်ကရစ် တံတားအဖြစ် ပြုပြင်တည်ဆောက်ပေးရန်အတွက် ၂၀၁၄-၂၀၁၅ ဘတ်ဂျက်တွင် လျာထားဆောင်ရွက်ရန် အစီအစဉ်ရှိ/မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း။

(ခ) ဦးခွန်သိန်းဖေ၊ ဟိုပုန်း မဲဆန္ဒနယ်(ကိုယ်စား) ဦးခွန်မောင်သောင်း၊ ပင်လောင်း မဲဆန္ဒနယ်၏ **တောင်ကြီး ကက္ကူလမ်းပိုင်း (၂၇)မိုင်မှ ကျောင်းထို-ကက္ကူလမ်းပိုင်း(၄)မိုင်ခွဲအား ဆောင်ရွက် ပေးရန် အစီအစဉ် ရှိ/မရှိ** နှင့်စပ်လျဉ်းသည့် မေးခွန်း။

(ဂ) ဦးတင်မောင်ဝင်း၊ မင်္ဂလာဒုံ မဲဆန္ဒနယ်၏ **မင်္ဂလာဒုံမြို့နယ်၊ ၂(က) ရပ်ကွက်တွင် ရေများစီးဆင်းနိုင်ရန် မီးရထားတာလမ်းဖြတ် ဘောက်ကားဘတ်(Box Culvert)တစ်ခု ပြုလုပ်ပေးရန် အစီအစဉ် ရှိ/မရှိ** နှင့်စပ်လျဉ်းသည့် မေးခွန်း။

(ဃ) ဦးဝင်းမြင့်၊ ပုသိမ် မဲဆန္ဒနယ်၏ **လှိုင်သာယာ(ရန်ကုန်)–ဟင်္သာတ မီးရထားလမ်း တည်ဆောက်သည့် စုစုပေါင်း ကုန်ကျစရိတ် မည်မျှနည်း၊ ပျက်စီးနေသော မီးရထားသံလမ်းများကြောင့် ဆုံးရှုံးမှုတန်ဖိုးနှင့် ၂၀၁၀ ခုနှစ်တွင် စတင် ဖောက်လုပ်ခဲ့သော မီးရထားလမ်းအား မည်သည့် ခုနှစ်တွင် ဖွင့်လှစ်နိုင်မည်ကို သိလိုသည်** နှင့် စပ်လျဉ်းသည့် မေးခွန်း။

(င) ဒေါ်တင်တင်ရီ၊ ကျွန်းစု မဲဆန္ဒနယ်၏ **ကျွန်းစုမြို့နယ်အတွင်းရှိ ကိုယ့်အားကိုယ်ကိုးကျောင်းများ အခြေခံပညာမူလတန်းကျောင်း အဆင့်(Section) တိုးမြှင့်ခွင့်ပြုပေးရန် အစီအစဉ်ရှိ/မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း။

(စ) ဦးထွန်းအောင်ခိုင်၊ ပေါက်တော မဲဆန္ဒနယ်၏ **ပေါက်တောမြို့ပေါ်ရှိ အခြေခံပညာအထက်တန်းကျောင်းကြီးအား အကြီးစားပြင်ဆင် မွမ်းမံနိုင်ရေး ခွင့်ပြုပေးရန် အစီအစဉ်ရှိ/မရှိ** နှင့်စပ်လျဉ်းသည့် မေးခွန်း။

(ဆ) ဦးငွေလွင်၊ နမ့်စန် မဲဆန္ဒနယ်၏ **နမ့်စန်မြို့နယ်အတွင်းရှိ ဟိုက်ဖတ်ရွာ၊ အမှတ်(၅)ရပ်ကွက်၊ အမှတ်(၂)ရပ်ကွက်၊ အမှတ်(၁၀)ရွာနှင့် အမှတ်(၄)ရွာတို့ရှိ ကျောင်းများအား ၂၀၁၄–၂၀၁၅ ဘဏ္ဍာရေး နှစ်တွင် ပြုပြင်ပေးရန် (သို့)အသစ်တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိ** နှင့်စပ်လျဉ်းသည့် မေးခွန်း။

(ဇ) ဦးဝင်းနိုင်၊ ရွှေကူ မဲဆန္ဒနယ်၏ **ရွှေကူမြို့နယ်၊ စီသာကျေးရွာ အခြေခံပညာအထက်တန်းကျောင်းခွဲကို အထက်တန်းကျောင်း အဖြစ် တိုးမြှင့်ပေးရန် အစီအစဉ်ရှိ/မရှိ** နှင့်စပ်လျဉ်းသည့် မေးခွန်း။

၆။ ဦးသိန်းညွန့်၊ သဃင်္န်းကျွန်း မဲဆန္ဒနယ်က **“ ၁၉၅၅ ခုနှစ်၊ အစိုးရအိမ်ဥပစာ (နှင်ထုတ်ခြင်း) အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း”** ကို လက်ခံဆွေးနွေးရန် အဆိုတင်သွင်းခြင်းနှင့် ကိုယ်စားလှယ်တစ်ဦးက ထောက်ခံခြင်း။

၇။ **“ ၁၉၅၅ ခုနှစ်၊ အစိုးရအိမ်ဥပစာ (နှင်ထုတ်ခြင်း) အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း”** ကို လက်ခံဆွေးနွေးရန် သင့် မသင့် အဆုံးအဖြတ်ရယူခြင်း။

၈။ လက်ခံဆွေးနွေးရန် ဆုံးဖြတ်သော ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်း ကော်မတီသို့ လွှဲအပ်မည်ဖြစ်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း။

**(သို့မဟုတ်)**

ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်က လက်ခံဆွေးနွေးရန် မသင့်ကြောင်း ဆုံးဖြတ်ပါက ယင်းဥပဒေကြမ်းကို လက်ခံဆွေးနွေးရန် မရှိကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း။

၉။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပထမအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန် အစည်းအဝေး နဝမနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး ဒသမနေ့ ဆက်လက် ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း။